# EURO SPORTS

JOURNAL
VOL.6, NO.4 SUNDAY (3. 4. 2016)




# ချန်ပီယံလိဂ်အကြို ဒါဘီငရဲခန်း

ချန်ပီယံလိဂ်(ကွာတားဖိုင်နယ်၊ ပ-ကျော့)
(၆-၄-၂၀၁၆၊ ဗုဒ္ဓဟူးနံနက် ၀၁း၄၅ နာရီ)
ဘာစီလိုနာ - အက်သလက်တီကို
ဘိုင်ယန်မြူးနစ် - ဘင်ဖီကာ

လာလီဂါပွဲစဉ်-၃၁
(၃-၄-၂၀၁၆၊ တနင်္ဂနွေနံနက် ၀၁း၀၀ နာရီ)
ဘာစီလိုနာ - ရီးရဲလ်မက်ဒရစ်

ချန်ပီယံလိဂ်(ကွာတားဖိုင်နယ်၊ ပ-ကျော့)
(၇-၄-၂၀၁၆၊ ကြာသပတေးနံနက် ၀၁း၄၅ နာရီ)
ဝုဖ်ဘတ် - ရီးရဲလ်မက်ဒရစ်
ပီအက်စ်ဂျီ - မန်စီးတီး

---

## လက်စတာနဲ့ စပါးအခက် အာဆင်နယ်အချက်ဖြစ်လာမလား...



(၂-၄-၂၀၁၆၊ စနေည ၈း၃၀ နာရီ)
အာဆင်နယ် - ဝက်ဖို့ဒ်

(၂-၄-၂၀၁၆၊ စနေည ၁၁း၀၀ နာရီ)
လီဗာပူး - စပါး

(၃-၄-၂၀၁၆၊ တနင်္ဂနွေည ၇း၀၀ နာရီ)
လက်စတာ - ဆောက်သမ်တန်

# စတုတ္ထမြောက်ကလေး ရရှိခဲ့တဲ့ ဘာရာဇို

ဘာစီလိုနာနဲ့ ချီလီကိုးသမားဘာရာဇိုဟာ ဇနီးသည်ကာလာပါဒိုနဲ့အတူ သားသမီး၃ယောက်ပိုင်ဆိုင်ထားသူ ဖြစ်ပေမယ့် အခုတော့ ဘာရာဇိုတစ်ယောက် ၄ယောက်မြောက်သားသမီးရတနာရရှိခဲ့ပြန်ပါပြီ။ ဒီသတင်းကို ဘာရာဇိုရဲ့ဇနီးဖြစ်သူ ကာလာပါဒိုက လူမှုကွန်ရက်ပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးခဲ့တာ ဖြစ်ပြီး ကာလာပါဒိုတစ်ယောက် ဒီကလေးကို ဖွားမြင်နေစဥ်မှာတော့ ဘာရာဇိုက နိုင်ငံအသင်းနဲ့အတူ တောင်အမေရိကကိုရောက်ရှိလို့နေပါတယ်။ ဒါကြောင့် အခုသတင်းကချီလီနိုင်ငံကနေ စပိန်နိုင်ငံဆီပြန်လာတဲ့ ကိုးသမားဘာရာဇိုအတွက် ဝမ်းမြောက်စရာဖြစ်ခဲ့တဲ့သတင်းတစ်ပုဒ်လို့ဆိုရမှာပါ။ ကာလာပါဒိုက ကလေးမွေးဖွားပြီးနောက် "ကျွန်မတို့ရဲ့ ၆ယောက်မြောက်မိသားစုဝင်လေးအနေနဲ့ သူ့ရဲ့ဖခင်ကို တွေ့ဖို့ မစောင့်နိုင်လောက်အောင်ဖြစ်နေပါပြီ"လို့ Instagram စာမျက်နှာမှာရေးသားခဲ့ပါတယ်။







# ရာကီရာပြောတဲ့ ပီကေးအကြောင်း ကောင်းကြောင်းအဖုံဖုံ

ဘာစီလိုနာနောက်ခံလူပီကေးနဲ့ ကိုလံဘီယာအဆိုတော်ရာကီရာတို့ဟာ ၂၀၁၀ကမ္ဘာ့ဖလားမှာ ဖူးစာဆုံခဲ့သူတွေဖြစ်ပြီး အခုဆိုရင် သူတို့ရဲ့ချစ်သက်တမ်းဟာ ၆နှစ်ရှိပြီဖြစ်သလို သားသမီး၂ဦးလည်းပိုင်ဆိုင်ထားပြီးဖြစ်ပါတယ်။ ၆နှစ်တာကာလအတွင်း သူတို့ရဲ့ချစ်ခြင်းတွေမယိုင်လဲအောင် တည်ဆောက်ထားနိုင်တာကလည်း အခြားစုံတွဲတွေအတွက် အတုယူချင်စရာပါ။ သူတို့၂ဦးဟာ အသက်အရွယ်အားဖြင့် ၁၀နှစ်ကွာဟတယ်ဆိုပေမယ့် တစ်ယောက်နဲ့တစ်ယောက် နားလည်မှုနိုင်မာစွာနဲ့ ချစ်ခရီးကို ဖြတ်သန်းနိုင်ခဲ့ကြတာပါ။ ဒီလိုဖြတ်သန်းနိုင်ခဲ့ရာမှာ ပီကေးရဲ့ယောက်ျားပီသတဲ့စိတ်က အဓိကကျခဲ့တယ်လို့ ကိုလံဘီယာအဆိုတော် ရာကီရာက ဖွင့်ဟလိုက်ပါတယ်။ ရာကီရာဟာ ပြီးခဲ့တဲ့ရက်သတ္တပတ်က မဂ္ဂဇင်းတစ်စောင်နဲ့ အင်တာဗျူးမှာ သူမခင်ပွန်းပီကေးနဲ့ပတ်သက်လို့ ကောင်းမွန်တဲ့အချက်တွေကို ပြောပြခဲ့တယ်။ "ပီကေးဟာ အမှန်တကယ်သဘောထားကြီးသူဖြစ်ပြီး အားကိုးရတဲ့ယောက်ျားကောင်းတစ်ယောက်လည်းဖြစ်ပါတယ်။ သူဟာ အမြဲတမ်းကျွန်မနဲ့ကလေးတွေကို ဂရုစိုက်လေ့လည်းရှိပါတယ်။ တကယ့်ကိုယောက်ျားပီသတဲ့သူပါ"လို့ ရာကီရာက ချီးမွမ်းခန်းဖွင့်သွားခဲ့တာဖြစ်ပါတယ်။



# ပေါ်ပေါ်ထင်ထင် ချစ်ရဲသွားတဲ့ ဗန်ဒါဗတ်

ပြီးခဲ့တဲ့ရက်သတ္တပတ်အနည်းငယ်တုန်းက ဘက်တစ်ကွင်းလယ်ကစားသမားဗန်ဒါဗတ်တစ်ယောက် အသွင်တူချစ်သူတစ်ဦး ရရှိသွားခဲ့ပြီလို့သတင်းတွေထွက်ပေါ်ခဲ့ပေမယ့် လူမြင်ကွင်းမှာတော့ သူတို့၂ဦးတွဲသွားတွဲလာလုပ်တာကို မြင်တွေ့ရခြင်းမရှိပါဘူး။ အသက် ၃၃နှစ်အရွယ်ရှိ ဗန်ဒါဗတ်အနေနဲ့ သူထက်၁၀နှစ်ငယ်တဲ့ဒီချစ်သူကောင်မလေးကိုတွဲသွားဖို့အတွက်ရှက်နေသလားမပြောတတ်ပါဘူး။ ဒါပေမဲ့ အခုတော့ ဗန်ဒါဗတ်တစ်ယောက် ပေါ်ပေါ်ထင်ထင်ချစ်ရဲသွားပြီဆိုတာကို မြင်တွေ့လိုက်ရပါတယ်။ ဗန်ဒါဗတ်ဟာ သူ့ချစ်သူပိုလ်မန်ယှဉ်ပြိုင်ကစားတဲ့ Handballပွဲစဉ်တစ်ခုကို သွားရောက်အားပေးခဲ့ပြီး ဒီပွဲစဉ်အပြီးမှာတစ်ဦးနဲ့တစ်ဦးအနမ်းချင်းဖလှယ်ပြီးသူတို့၂ဦးရဲ့အချစ်ကိုသက်သေပြခဲ့ပါတယ်။ ဗန်ဒါဗတ်ဟာ နယ်သာလန်မော်ဒယ်ဆီဗီးလ်နဲ့ကွာရှင်းခဲ့ပြီးနောက်မှာ အချစ်သစ်များစွာရှာဖွေခဲ့ပြီးသူ့ရဲ့ချစ်သူတွေအားလုံးထဲမှာတော့ ပိုလ်မန်က အသက်အငယ်ဆုံးပါပဲ။ ၁၀နှစ်အသက်ကွာဟနေတဲ့ သူတို့၂ဦးရဲ့ချစ်ခြင်းတွေ ဘယ်လောက်အထိခိုင်မြဲမလဲဆိုတာတော့ စောင့်ကြည့်ရမှာပါ။

သက္ကရာဇ်ဦး ရေးသားသည်။

# အချစ်က ပင်ပန်းမှုအတွက် အကောင်းဆုံးဆေးတစ်ခွက်

ဖော်မြူလာဝမ်းကားမောင်းသမားဂျက်ဆင်ဘက်တန်တစ်ယောက် မကြာသေးမီကမှ ပူပူနွေးနွေးရရှိထားတဲ့ ချစ်သူသစ်လေးနဲ့ အတော်လေးပျော်ပျော်ရွှင်ရွှင်ဖြစ်နေပါပြီ။ သူတို့ရဲ့ချစ်သက်တမ်းဟာ အခုမှ၁လသာရှိသေးပေမယ့် ၂ဦးစလုံးက ကာလရှည်တွဲခဲ့တဲ့ချစ်သူတွေအလား မခွဲနိုင်မခွာရက်ဖြစ်နေကြပြီလို့လည်း နီးစပ်သူတွေက ဖွင့်ဟလာပါတယ်။ ပလေးဘွိုင်းမော်ဒယ်ဟောင်းတစ်ဦးဖြစ်တဲ့ ဘရစ်တနီဝပ်ဟာ ဂျက်ဆင်ဘက်တန် ပြိုင်ပွဲဝင်ခဲ့တဲ့ ဩစတြေးလျှကရင်းပရီပြိုင်ပွဲဆီ အားပေးဖို့လိုက်ပါခဲ့သလို အခုအခါမှာ ပြိုင်ပွဲပြီးဆုံးသွားတော့လည်း ၂ဦးသားအတူတူ အပန်းဖြေခရီးထွက်ခဲ့ကြပါတယ်။ သူမဟာ ချစ်သူဘက်တန်နဲ့အတူ ကမ်းခြေကို ရောက်ရှိနေတဲ့ပုံကို လူမှုကွန်ရက်ပေါ်မှာဖော်ပြခဲ့ပြီး ရေးထားတဲ့စာကတော့ "ပင်ပန်းမှုများအတွက် အကောင်းဆုံးဆေးတစ်ခွက်"ဆိုတာပဲဖြစ်ပါတယ်။






# မက်ဆီအပေါ် အရိုးများ ထိအောင် ရူးသွပ်သူ

ဘာစီလိုနာတိုက်စစ်မှူးမက်ဆီနဲ့ပတ်သက်လို့ ရူးရူးသွပ်သွပ်အားပေးတဲ့ပရိသတ်များစွာရှိပြီး ဘရာဇီးမော်ဒယ်ဆူဇီကော်တက်ဇ်ဆိုရင် အဝတ်ဗလာကျင်းခန္ဓာကိုယ်ပေါ်မှာ မက်ဆီရဲ့နာမည်နဲ့ ကျောနံပါတ်ကိုခြယ်သလို့ ဂုဏ်ပြုခဲ့ဖူးပါတယ်။ အခုပရိသတ်တစ်ဦးကတော့ ဆူဇီကော်တက်ဇ်ထက်ပိုပြီး မက်ဆီအပေါ်ရူးသွပ်သူပါ။ ကာလာမာရန်ဒါလို့ အမည်ရတဲ့ ဒီအမျိုးသမီးပရိသတ်ဟာ မက်ဆီရဲ့ရုပ်ပုံကို သူမရဲ့ပေါင်မှာ တက်တူးရေးထိုးပြီး မက်ဆီအပေါ်ရူးသွပ်ကြောင်း သက်သေပြသွားခဲ့တာဖြစ်ပါတယ်။ မက်ဆီတစ်ယောက် ကမ္ဘာ့ဖလားခြေစစ်ပွဲကစားဖို့ တောင်အမေရိကကိုရောက်နေစဥ်မှာလည်း ကာလာမာရန်ဒါက မက်ဆီနဲ့တွေ့ဆုံခဲ့ပြီး အဲဒီနောက်မှာ တက်တူးရေးထိုးထားပုံကို အားလုံးသိအောင်ထုတ်ဖော်ပြသလိုက်တာပါ။ ချိန်သားကိုက်ဆိုသလိုထွက်ပေါ်ခဲ့တဲ့ နောက်ထပ်သတင်းတစ်ပုဒ်ကတော့ စီရော်နယ်ဒိုအပေါ်ရူးသွပ်တဲ့ လူငယ်ပရိသတ်တစ်ဦးရဲ့အကြောင်းပါပဲ။ ဒီလူငယ်ဟာ ဒိန်းမတ်မှာနေထိုင်ပေမယ့် စီရော်နယ်ဒိုကိုမြင်ဖူးချင်တာကြောင့်နေ့စဥ်နေ့တိုင်း ဒိန်းမတ်ကနေ စပိန်ကို လေယာဥ်နဲ့သွားပြီး စီရော်နယ်ဒိုကိုဖြန့်ကြာစောင့်ဆိုင်းလေ့ရှိပါတယ်။ သူ့ရဲ့ရည်ရွယ်ချက်က စီရော်နယ်ဒိုကိုတွေ့ချင်ရုံသက်သက်ပဲလို့ဆိုတာကြောင့် သူ့ရဲ့ ရူးသွပ်မှုကအင်မတန်မှချီးကျူးချင်စရာကောင်းနေပါတယ်။



